# GenV Parent/Guardian Information Statement

# GenV ၏ မိဘ/အုပ်ထိန်းသူဆိုင်ရာ အချက်အလက် ထုတ်ပြန်ချက်

## 1. GenV (ဗစ်တိုးရီးယားမျိုးဆက်သစ်) ရည်ရွယ်ချက်က မည်သည်နည်း။

ဗစ်တိုးရီးယားမျိုးဆက် (Generation of Victoria) ၏ အတိုကောက်စာလုံးဖြစ်သည့် GenV ဆိုသည်မှာ ပြည်နယ်တစ်ခွင်လုံး သုတေသနလေ့လာရေး စီမံချက်တစ်ခု ဖြစ်သည်။ ၎င်းမှ မျိုးဆက်သစ်တစ်ခုလုံး၏ ကျန်းမာရေးနှင့် ချမ်းသာသုခဆိုင်ရာ ပြည့်စုံကုံလုံသော အခြေအနေတစ်ရပ်ကို ပေးပါမည်။

နှစ်နှစ်ကျော်ကာလအတွင်းဗစ်တိုးရီးယား ပြည်နယ်တွင် မွေးဖွားသော ကလေးငယ်များ အားလုံးနှင့် ၎င်းတို့၏မိဘများကို GenV တွင်ပါဝင်ရန် ဖိတ်ခေါ်ပါသည်။ ကျွန်ုပ်တို့အနေနှင့် ကလေးငယ်များနှင့် မိဘများမှာ မည်သူများဖြစ်စေ သို့မဟုတ် မည်သည့်နေရာတွင်နေထိုင်သည်ဖြစ်စေ အားလုံးကိုပါဝင်စေလိုပါသည်။ သင့်မိသားစုအပါအဝင် - မိသားစုတိုင်းသည် အရေးကြီးပါသည်။

GenV သည် အခြားဝန်ဆောင်မှုများမှ စုဆောင်းထားနှင့်ပြီးသော ဒေတာများနှင့် သင်ပေးထားသည့် အချက်အလက်များကို ပေါင်းစပ်ထားပါသည်။ ဆိုလိုသည်မှာ အချိန်အနည်းငယ်သာ ကုန်မည့်သဘောဖြစ်သည်။

အနာဂတ်သုတေသနလေ့လာရေးသည် ရှုပ်ထွေးသော ကျန်းမာရေးနှင့် ချမ်းသာသုခဆိုင်ရာ မေးခွန်းများအတွက် အဖြေများကို ကျွန်ုပ်တို့ ယနေ့ရရှိနိုင်သည်ထက် လျင်မြန်စွာ ရရှိနိုင်မည်ဖြစ်သည်။

GenV မှ ယနေ့ကလေးငယ်များနှင့် မိဘများ ကြုံတွေ့နေရသည့် ပြဿနာများကို တားဆီးကာကွယ်နိုင်မည်၊ ကြိုတင်မှန်းဆနိုင်မည်နှင့် ကုသနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ကျွန်ုပ်တို့အနေနှင့် လူတိုင်းအတွက် လမစေ့ဘဲမွေးဖွားခြင်း၊ ဓာတ်မတည့်မှုများ၊ စိတ်ကျန်းမာရေးကဲ့သို့ ပြဿနာများ လျော့နည်းလာခြင်းကို မြင်တွေ့လိုပါသည်။ GenV တွင် တစ်စိတ်တစ်ပိုင်းပါဝင်ခြင်းဖြင့် သင်သည် မိသားစုများအားလုံးအတွက် ယခုနှင့် မနက်ဖြန်မှာ ပိုမိုကောင်းမွန်သော အနာဂတ်ကို ကူညီဖန်တီးပေးနိုင်မည်ဖြစ်သည်။

## 2. GenV တွင် ပါဝင်ရန် ဖိတ်ခေါ်ခြင်း

GenV တွင် ပါဝင်ရန် သင်နှင့် သင့်ကလေးကို ကျွန်ုပ်တို့ ဖိတ်ခေါ်ပါသည်။ GenV တွင် ပါဝင်ရန် သင့်အနေဖြင့် အဆုံးတွင်ရှိသော သဘောတူညီချက်ပုံစံကို လက်မှတ်ထိုးပေးရန် လိုအပ်ပါသည်။ သင့်အနေဖြင့် သိမ်းဆည်းထားရန် ဤမှတ်တမ်းနှင့် သဘောတူညီချက်ပုံစံ မိတ္တူတစ်စောင်ကို ရရှိမည်ဖြစ်သည်။ ၎င်းကို www.genv.org.au တွင်လည်း ရရှိနိုင်ပါသည်။

သင်ဆုံးဖြတ်ချက်မချမီ သင့်အနေနှင့် အဘယ့်ကြောင့် GenV ဖြစ်ပေါ်လာသနည်းနှင့် မည်သည်တို့ ပါဝင်သည်ကို နားလည်ထားရန် လိုအပ်ပါသည်။ သင့်ကလေး မွေးဖွားပြီးနောက် GenV ဝန်ထမ်းအဖွဲ့သားတစ်ဦးမှ ဆေးရုံ၌ သင့်ကို လာတွေ့ရန် ရည်ရွယ်ထားပြီး - ၎င်းတို့မှ သင့်အား GenV အကြောင်းကို လူကိုယ်တိုင် ပြောပြပေးမည်ဖြစ်သည်။ ကျေးဇူးပြု၍ သင်မေးမြန်းလိုသမျှ များများမေးမြန်းပါ။

သင့်အနေဖြင့် ဤစာတမ်းကို ဖတ်ရှု၍လည်းကောင်း သို့မဟုတ် www.genv.org.au ရှိ ဗီဒီယိုကို ကြည့်ခြင်းအားဖြင့်လည်းကောင်း GenV အကြောင်းကို လေ့လာနိုင်သည်။ သင့်အနေဖြင့် ကျွန်ုပ်တို့ထံ genv@mcri.edu.au မှတစ်ဆင့် သို့မဟုတ် 1800 436 888 (1800 GEN VVV) သို့ အခမဲ့ဖုန်းခေါ်ဆို၍လည်း ဆက်သွယ်နိုင်သည်။ သင်၏မေးခွန်းများကို ကျွန်ုပ်တို့ ပျော်ရွှင်စွာ ဖြေဆိုပေးလိုပါသည်။

## 3. GenV ဆိုသည်မှာ အဘယ်နည်း။

GenV ဆိုသည်မှာ ဩစတြေးလျတွင် အကြီးမားဆုံး ကလေးဘဝသုတေသနလေ့လာရေး စီမံကိန်းတစ်ခု ဖြစ်သည်။ ၎င်းမှ ကလေးငယ်များ ကြီးထွားဖွံ့ဖြိုးပုံ၊ လူများ အသက်အရွယ်ရလာပုံနှင့် မျိုးဆက်အလိုက် ကျန်းမာရေး ပြောင်းလဲလာမှု အခြေအနေကို ဖော်ပြပေးသည်။ ၎င်းမှ သုတေသီများ၊ ရပ်ရွာအသိုက်အဝန်းများနှင့် မူဝါဒရေးဆွဲသူများအား ကျန်းမာရေးနှင့် ချမ်းသာသုခ အတူတကွ တိုးတက်လာအောင် ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် အခြေခံအုတ်မြစ်များကို ဖန်တီးပေးပါသည်။ ၎င်းသည် ပိုမိုကောင်းမွန်ပြီး ဘေးကင်းလုံခြုံသော စောင့်ရှောက်မှုကို ဖြစ်ပေါ်စေပြီး ကျွန်ုပ်တို့၏ ကလေးငယ်များနှင့် မိဘများ တွေ့ကြုံနေရသည့် အရေးအကြီးဆုံး မေးခွန်းအချို့ကို ဖြေဆိုပေးမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ထားပါသည်။ နှစ်နှစ်ကြာပြီးနောက်တွင် GenV သို့ ဗစ်တိုးရီးယားပြည်နယ်အနှံ့မှ ကလေးငယ်ပေါင်း 160,000 ကျော်နှင့် ၎င်းတို့၏ မိဘများကို ဖိတ်ကြားနိုင်မည်ဖြစ်သည်။

သင်သဘောတူပါက GenV ကို လက်မှတ်ရေးထိုးသည့်အချိန်နှင့် သင့်ကလေး ကြီးပြင်းလာသည့်အချိန်တွင် သင်နှင့် သင့်ကလေးငယ်ထံမှ အချက်အလက် နှင့်တို့ဖတ်အချို့ ရယူပါမည်။ ထို့နောက် သင်၏ခွင့်ပြုချက်ဖြင့် ပုံမှန်နည်းအတိုင်း ဝန်ဆောင်မှုဌာနများမှ ကောက်ခံထားသည့် အချက်အလက်များနှင့် နမူနာများကို ကျွန်ုပ်တို့ ထည့်သွင်းသွားပါမည်။ ကျွန်ုပ်တို့သည် ဤအချက်အလက်များကိုနောင်အနာဂတ်သုတေသနလေ့လာရေးအတွက် အသုံးပြုနိုင်သည့် လုံခြုံသော အချက်အလက် ဘဏ်တွင် သိမ်းထားပါသည်။ ရလဒ်များမှ ကျွန်ုပ်တို့ ပြဿနာများကို ကုသပုံ၊ ကြိုတင်ခန့်မှန်းပုံနှင့် တားဆီးကာကွယ်ပုံတို့ကိုတိုးတက်စေမည်ဖြစ်သည်။ ၎င်းတို့မှ မူဝါဒချမှတ်သူများအား ဗစ်တိုးရီးယားပြည်နယ် မိသားစုများကို ထောက်ပံ့ပေးရန် ဆုံးဖြတ်ချက်ကောင်းများ ချမှတ်နိုင်ရန် ကူညီပေးမည်ဖြစ်သည်။
ဆိုလိုသည်မှာ GenV အနေဖြင့် သင့်တို့ထံမှ အားထုတ်မှု အနည်းငယ်သာ တောင်းဆိုရမည်ဖြစ်သော်လည်း မိသားစုများအတွက် အဓိပ္ပါယ်ရှိသော ပြောင်းလဲမှုကို ဖန်တီးပေးမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိသားစုကျန်းမာရေးနှင့် ချမ်းသာသုခကို နှစ်ပေါင်းများစွာ လေ့လာရန် မျှော်လင့်ထားပါသည်။
GenV ကဲ့သို့ အလွန်ကြီးမားသော စီမံကိန်းများမှ ကမ္ဘာတစ်ဝန်းရှိ သက်ကြီးရွယ်အိုများကို ကူညီပေးနေပါသည်။ GenV မှ ကလေးငယ်များနှင့် ဗစ်တိုးရီးယား လူငယ်လူရွယ်များအတွက် ဤကဲ့သို့ အကျိုးကျေးဇူးများကို ဖန်တီးပေးမည်ဟု ကျွန်ုပ်တို့ မျှော်လင့်နေပါသည်။

## 4. GenV ကို မည်သူကြီးကြပ်နေသနည်း။

GenV ကို မယ်လ်ဘုန်း ကလေးဆိုင်ရာ ကျောင်းပရိဝုဏ် (Melbourne Children’s Campus) မှ ဦးဆောင်ပါသည် (တော်ဝင်ကလေးဆေးရုံ (Royal Children’s Hospital) ဖောင်ဒေးရှင်းမှ ပံ့ပိုးသည့် မာဒိုးကလေး သုတေသနလေ့လာရေး အဖွဲ့အစည်း (Murdoch Children’s Research Institute) ၊ တော်ဝင်ကလေး ဆေးရုံနှင့် မယ်လ်ဘုန်း တက္ကသိုလ် (University of Melbourne)။

၎င်းကို ဗစ်တိုးရီးယားအစိုးရနှင့် Paul Ramsay ဖောင်ဒေးရှင်းမှ ရန်ပုံငွေထောက်ပံ့ပေးပါသည်။ ၎င်းကို ထောက်ပံ့ပေးသူမှာ -

- သင်မွေးဖွားသည့် ဆေးရုံနှင့် ဒေသတွင်း ကလေးဆေးရုံများ
- ဗစ်တိုးရီးယား တက္ကသိုလ်များနှင့် သုတေသနလေ့လာရေး အဖွဲ့အစည်းများ
- ဗစ်တိုးရီးယား၊ ဩစတြေးလျနှင့် ကမ္ဘာ့တစ်ဝန်းမှ ထိပ်တန်းကျွမ်းကျင်ပညာရှင်များ
- GenV ကို ရေးဆွဲရန် ကူညီပေးခဲ့ကြသော ဒေသတွင်းမိသားစုများနှင့် ရပ်ရွာအသိုက်အဝန်းများ။

သိပ္ပံပညာရပ်ဆိုင်ရာ ဒါရိုက်တာမှာ ကလေးအထူးကုဆရာဝန် ပါမောက္ခ Melissa Wake ဖြစ်ပါသည်။ သင့်အနေနှင့် သူမနှင့် ကျန်အဖွဲ့သားများအကြောင်းကို ဤနေရာ တွင် ဖတ်ရှုနိုင်သည်။

## 5. GenV တွင် ပါဝင်ရန် ကျွန်ုပ်တို့အား အဘယ့်ကြောင့် ဖိတ်ကြားပါသနည်း။

နှစ်နှစ်ကျော်ကာလအတွင်းဗစ်တိုးရီးယား ပြည်နယ်တွင် မွေးဖွားသော ကလေးငယ်များ အားလုံးနှင့် ၎င်းတို့၏မိဘများကို GenV တွင်ပါဝင်ရန် ဖိတ်ခေါ်ပါသည်။ သင့်ကလေးသည် ယခုကာလအတွင်း ဗစ်တိုးရီးယားပြည်နယ်တွင် မွေးဖွားခဲ့သောကြောင့် သင့်ကို ဖိတ်ခေါ်ရခြင်း ဖြစ်ပါသည်။

## 6. GenV တွင် မည်သည်တို့ ပါဝင်သနည်း။

သင်ကလေးမွေးပြီးနောက်မကြာမီ အများအားဖြင့် ဆေးရုံတွင် သင့်ဆီသို့ GenV အဖွဲ့သားတစ်ဦး လာရောက်မည် သို့မဟုတ် ဆက်သွယ်လာမည်ဖြစ်သည်။ GenV အနေနှင့် ပါဝင်သူများအတွက် အကြောင်းအရာများကို အလွယ်ကူဆုံး ပြုလုပ်ပေးသွားရန် ရည်ရွယ်ထားပါသည်။ လာရောက်မည့်အချိန်သည် 15-20 မိနစ်ခန့် ကြာမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် စီမံကိန်းအကြောင်း ရှင်းပြပါမည်၊ သင်သည် သင့်ကလေးနှင့်အတူ ပါဝင်လိုခြင်းရှိမရှိ မေးမြန်း၍ သင့်ကို စစ်တမ်းတိုတစ်ခုပေးပြီး တံထွေးတို့ဖတ်နှင့် အိမ်တွင်းနမူနာကောက်ယူရန်အထုပ် ပေးပါမည်။ အကြောင်းအရာတစ်ခုစီနှင့်ပတ်သက်သည့် နောက်ထပ်အကြောင်းများကို အောက်တွင်ကြည့်ပါ။ ဖြစ်နိုင်ပါက သင့်ကလေး၏ အခြားမိဘတစ်ဦးကိုလည်း ဖိတ်ခေါ်ထားပါသည်။ ၎င်းနောက် GenV သည် သင်နှင့် အဓိကအားဖြင့် အီးမေးလ် သို့မဟုတ် စာပေးပို့ခြင်းဖြင့် ဆက်လက် ဆက်သွယ်သွားမည်ဖြစ်သည်။

**ပါဝင်ဆောင်ရွက်ခြင်းဖြင့် သင်သဘောတူသည်မှာ GenV အနေနှင့် -**

**(1) ရှိနေပြီးသော အချက်အလက်များနှင့် နမူနာများကို အတူတကွ ယူဆောင်လာနိုင်သည်။ ၎င်းတွင် ပါဝင်သည်မှာ -**

- သင်နှင့် သင့်ကလေးအတွက် ဝန်ဆောင်မှုများမှ သင့်ကလေးမမွေးဖွားမီနှင့် အနာဂတ်တွင် ကောက်ခံသွားမည့် အချက်အလက်များ။ ၎င်းတွင် သင်နှင့် သင့်ကလေး၏ ဖွား၊ သေဆိုင်ရာ အချက်အလက်များအပြင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးမှတ်တမ်းများနှင့် ဝန်ဆောင်မှုများမှ အချက်အလက်များ ပါဝင်သည်။ GenV သည် ဤအချက်အလက်များကို အစိုးရဌာနများ၊ ကျောင်းများနှင့် သူငယ်တန်းကျောင်း၊ ဆေးရုံများ၊ ဆရာဝန်များနှင့် အခြားပံ့ပိုးပေးသူများထံမှ ရယူနိုင်သည်။
- လေထုညစ်ညမ်းခြင်းနှင့် သင့်အိမ်အနီးအနားရှိ ကလေးစောင့်ရှောက်ရေး ဝန်ဆောင်မှုများကဲ့သို့ သင့် အနီးဝန်းကျင်နှင့် သက်ဆိုင်သော အချက်အလက်များ။
- သင့်ကလေးမမွေးဖွားမီ သင့်ထံမှ ကျန်းမာရေး ဝန်ဆောင်မှုဌာနများမှ ရယူထားသည့် နမူနာများနှင့် အနာဂတ်တွင် သင် သို့မဟုတ် သင့်ကလေးထံမှ ရယူသွားမည့် နမူနာများ။ သင်သည် သွေး သို့မဟုတ် ဆီးစစ်ဆေးမှုတစ်ခု ပြုလုပ်ခြင်း သို့မဟုတ် တို့ဖတ်တစ်ခု ရယူခြင်းတွင် ကျန်ရှိနေသော နမူနာကို ရက်အနည်းငယ်၊ လအနည်းငယ် သို့မဟုတ် နှစ်အနည်းငယ်ကြာ သိမ်းထားတတ်ပါသည်။ ကျွန်ုပ်တို့သည် ၎င်းကို GenV သို့ လွှဲပြောင်းပေးပြီး ၎င်းတို့ကို ဂရုတစိုက် ထိန်းသိမ်းသွားမည်ဖြစ်သည်။ ထို့နောက် များစွာသော မိသားစုများ အကျိုးရှိစေရန်အတွက် နမူနာများကို သုတေသနလေ့လာရေးတွင် အသုံးပြုနိုင်ပါသည်။

ကျွန်ုပ်တို့ မည်သည်တို့ကို ကောက်ယူမည်၊ ၎င်းကို မည်သူများထံမှ  ကောက်ယူမည်နှင့် ၎င်းတို့ကို မည်သို့အသုံးပြုမည်တို့နှင့် ပတ်သက်၍ သင့်အနေဖြင့် genv.org.au/for-parents တွင် ပိုမိုဖတ်ရှုနိုင်ပါသည်။

**(2) သင့်ကို အိမ်တွင်းနမူနာကောက်ယူရန် အထုပ်တစ်ခု ပေးပါမည်။** သင်သဘောတူပါက သင်သည် ကျွန်ုပ်တို့ထံ ပြန်ပို့မည့် နမူနာတစ်ခု သို့မဟုတ် နှစ်ခုစလုံးကို ကောက်ယူနိုင်သည်။ ၎င်းတို့ကို ကျွန်ုပ်တို့လာရောက်မှု သို့မဟုတ် ဆက်သွယ်မှုအဆုံးတွင် ရှင်းပြပါမည်။ အထုပ်ထဲတွင် ပါဝင်မည်မှာ -

- ကလေးအနီးစတို့ဖတ်ယူရန်ပစ္စည်းများ - သင် GenV တွင် ပါဝင်ပြီးနောက် မကြာမီ သင့်ကလေး၏ အနီးစမှ မစင်တို့ဖတ်အနည်းငယ်ကို ယူရပါမည်။ လုပ်ဆောင်ပုံလုပ်ဆောင်နည်းကို ကျွန်ုပ်တို့လာရောက်လည်ပတ်မှု သို့မဟုတ်

ဆက်သွယ်မှုအဆုံးတွင် ရှင်းပြပါမည်။ အစာအိမ်က ကျန်းမာရေးအပေါ် မည်သို့သက်ရောက်မှုရှိကြောင်း လေ့လာရန် နမူနာများကို အသုံးပြုနိုင်သည်။ *ကလေးအနီးစတို့ဖတ်အကြောင်း [ဤနေရာတွင်]() ပိုမိုဖတ်ရှုပါ။*

- မိခင်နို့ယူရန်ပစ္စည်းများ - သင်သည် မိခင်နို့တိုက်လျှင် သို့မဟုတ် သင်နို့ညှစ်ထုတ်၍ တိုက်ကျွေးခြင်းဖြစ်လျှင် သင် GenV တွင် ပါဝင်ပြီးနောက် မကြာမီ မိခင်နို့ကို လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့် ယူရပါမည်။ ယင်းမှာ ကလေးနှင့် မိခင် ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ သုတေသနအတွက် အထောက်အကူပြုပါသည်။ *မိခင်နို့နမူနာအကြောင်း [ဤနေရာတွင်]() ပိုမိုဖတ်ရှုပါ။*

**(3) သင်နှင့် သင့်ကလေး၏ ကျန်းမာရေး၊ ဖွံ့ဖြိုးမှုနှင့်ချမ်းသာသုခတို့ကို နောက်ဆက်တွဲလေ့လာကြည့်ရှုရန် အခါအားလျော်စွာ သင်နှင့် ခဏတာဆက်သွယ်ပါ။** ဥပမာ - ကျွန်ုပ်တို့မှ သင့်ထံသို့ တစ်နှစ်လျှင် အကြိမ်ပေါင်းများစွာ စာပေးပို့နိုင်သည် သို့မဟုတ် အီးမေးလ်ပို့နိုင်သည်၊ သို့မဟုတ် သင့်ကလေး ကြီးပြင်းလာချိန်တွင် မျက်နှာချင်းဆိုင် ဆန်းစစ်အကဲခတ်ရန် ကမ်းလှမ်းနိုင်ပါသည်။ သင့်အနေနှင့် ပါဝင်မည် မပါဝင်မည်ကို မည်သည့်အချိန်တွင်မဆို ဆုံးဖြတ်နိုင်သည်။

**(4) နမူနာများနှင့် သတင်းအချက်အလက်များကို ဘေးကင်းလုံခြုံစွာ ရရှိခြင်း၊ သိမ်းဆည်းခြင်းနှင့် အသုံးပြုခြင်း။** GenV ကို သင်ပေးသော အချက်အလက်များနှင့် အထက်ပါအရာများကဲ့သို့ ဝန်ဆောင်မှုများမှ အချက်အလက်များကို ကျွန်ုပ်တို့ ပေါင်းစပ်ပေးပါသည်။ ဤနမူနာများနှင့် အချက်အလက်များကို နောင်တွင် GenV ၏ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီသည့် ကျင့်ဝတ်နှင့်လျော်ညီစွာ အတည်ပြုထားသော သုတေသနလေ့လာမှုတွင် အသုံးပြုနိုင်ပါသည် *[ဒေတာ သိမ်းဆည်းမှုနှင့်ပတ်သက်၍ အပိုင်း 13 နှင့် 14 ကို ကြည့်ပါ]။*

**(5) သင်နှင့် သင့်ကလေးမှာ GenV တွင် ရှိနေကြောင်း ဝန်ဆောင်မှုများကို ပြောပြပါ။**

**သင့်အနေဖြင့် သင်၏ သဘောတူညီမှုကို ပေးမည်၊ မပေးမည်ကိုလည်း ရွေးချယ်နိုင်ပါသည် -**

**(6) သင်နှင့် သင့်ကလေး၏ ပါးစောင်ကြားမှ တံတွေးတို့ဖတ်။** တံတွေးတို့ဖတ်များသည် မျိုးဗီဇဆိုင်ရာ သုတေသနအပါအဝင် ဇီဝဗေဒဆိုင်ရာ သုတေသနလေ့လာမှု အမျိုးမျိုးကို အထောက်အကူပြုနိုင်သည်။ ယင်းတွင် မျိုးရိုးဗီဇဆိုင်ရာ သုတေသနလေ့လာရေး ပါဝင်နိုင်သည် - ဤအချက်အတွက် သင့်ထံမှ သဘောတူညီချက် သီးခြားစီ တောင်းခံသွားမည်။ *တံတွေးတို့ဖတ်များနှင့်ပတ်သက်၍ [ဤနေရာ]() တွင် ပိုမိုဖတ်ရှုပါ။*

**(7) ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးအပေါ် သက်ရောက်စေရန် မျိုးရိုးဗီဇများနှင့် အခြားအကြောင်းအရာများ မည်သို့ဆက်သွယ်သည်ကို ပိုမိုလေ့လာရန်အတွက် မျိုးရိုးဗီဇဆိုင်ရာ သုတေသနလေ့လာမှုအတွက် နမူနာများ (ဥပမာ တံတွေးတို့ဖတ် သို့မဟုတ် မွေးကင်းစကလေးငယ် စစ်ဆေးရေးကတ်) ကို အသုံးပြုပါ။ ယင်းမှ သုတေသီများအား ဥပမာ -** မိဘများမှ အခြေအနေများနှင့် အန္တရာယ်အကြောင်းအရာများအား ကလေးငယ်များအပေါ် မည်သို့လက်ဆင့်ကမ်းပေးသည်ဟူသော မေးခွန်းသစ်များကို ဖြေဆိုပေးရန် ကူညီပေးနိုင်သည်။ အနာဂတ်တွင် နည်းပညာအသစ်မှ အခြားစစ်ဆေးမှုများကို စွမ်းဆောင်စေနိုင်မည်ဖြစ်သည်။ *မျိုးရိုးဗီဇများနှင့်ပတ်သက်၍ [ဤနေရာ]() တွင် ပိုမိုဖတ်ရှုပါ။*

*ကျွန်ုပ်၏ခွင့်ပြုချက်ဖြင့် မည်ကဲ့သို့ အချက်အလက်များကို GenV ရယူသွားမည်နည်း။*

နမူနာအချို့မှာ -

- ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး - ဥပမာ Medicare ၊ ဆေးရုံမှတ်တမ်းများ၊ အာထရာဆောင်းကဲ့သို့ဒစ်ဂျစ်တယ်စကန်မိတ္တူများ၊ သင့်ကိုယ်ဝန်အကြောင်း ရယူစုဆောင်းထားသော အချက်အလက်များ
- ပညာရေး - ဥပမာ သင့်ကလေး ပါဝင်ပါက ကျောင်းတွင် အမျိုးသားစာပေ တတ်မြောက်မှုနှင့် ကိန်းဂဏန်း အကဲခတ်စစ်ဆေးမှုများ
- လူမှုရေး - ဥပမာ မသန်စွမ်းမှု၊ ကလေးစောင့်ရှောက်ရေး ထောက်ပံ့မှု/ လူမှုဖူလုံရေး၊ အိမ်ရာ၊ တရားမျှတမှု

- သင့် အနီးပတ်ဝန်းကျင် အကြောင်း အထွေထွေသတင်း အချက်အလက်များ - ဥပမာ ကလေးစောင့်ရှောက်ရေး တည်နေရာများနှင့် လေထုညစ်ညမ်းမှု။

*GenV ၏ ဒေတာ ရင်းမြစ်များအကြောင်း [ဤနေရာ](#) တွင် ပိုမိုဖတ်ရှုပြီး နှစ်စဉ်ကျွန်ုပ်တို့ ရရှိသည့် ရင်းမြစ်များ ကို [www.genv.org.au](http://www.genv.org.au) တွင် ကြည့်ပါ။*

## *ကျွန်ုပ်၏ခွင့်ပြုချက်ဖြင့် မည်သည့် ပုံမှန်လုပ်ရိုးလုပ်စဉ်နမူနာများကို GenV ရယူနိုင်ပါသနည်း။*

နမူနာများတွင် ပါဝင်သည်မှာ -

- ကိုယ်ဝန် 10-12 ပတ် အချိန်တွင် သင် ပြုလုပ်ရနိုင်သည့် သွေးစစ်ဆေးမှု - အချို့သော အခြေအနေများအတွက် သင့်ကလေးကို စစ်ဆေးခြင်း။ 10 ပတ်မြောက် စစ်ဆေးမှုနှင့်ပတ်သက်၍ [ဤနေရာ](#) တွင် ပိုမိုဖတ်ရှုပါ။
- သင့်ကလေး၏ မွေးကင်းစ စစ်ဆေးရေးကတ် (ခြေဖဝါး အပ်စိုက်ဖောက်ခြင်း) မှ သွေးနမူနာ - ကုသနိုင်သော ရှားပါးအခြေအနေများကို စစ်ဆေးခြင်း။ သင်သည် ဩစတြေးလျတွင် မွေးဖွားခဲ့ပြီး သင်၏ကိုယ်ပိုင်ကတ်ရှိပါက ယင်းကတ်ကို ကျွန်ုပ်တို့ ကြည့်ရှုလိုပါသည်။ မွေးကင်းစကလေး စစ်ဆေးရေးကတ်နှင့်ပတ်သက်၍ [ဤနေရာ](#) တွင် ပိုမိုဖတ်ရှုပါ။
- ကိုယ်ဝန်ဆောင်ကာလအတွင်း သင်ပေးရနိုင်သည့် အခြားပုံမှန်လုပ်ရိုးလုပ်စဉ် နမူနာများနှင့် ရှေ့ဆက်သွားရန် သင် သို့မဟုတ် သင့်ကလေး ပေးရနိုင်သည့် နမူနာများ။

*GenV ၏ ပုံမှန်လုပ်ရိုးလုပ်စဉ် နမူနာများအကြောင်းကို [ဤနေရာ](#) တွင် ပိုမိုဖတ်ရှုပြီး နှစ်စဉ်ကျွန်ုပ်တို့ ရရှိသည့် နမူနာများကို [www.genv.org.au](http://www.genv.org.au) တွင် ကြည့်ရှုပါ။*

## *GenV မှ ကျွန်ုပ်အား ဆက်သွယ်လာသည့်အခါ မည်သည်တို့ ဖြစ်နိုင်သနည်း။*

တစ်နှစ်လျှင် လေးကြိမ်ခန့် သင်နှင့် သင့်ကလေး မည်သို့အခြေအနေရှိနေသည်နှင့်ပတ်သက်၍ နောက်ဆုံးရအချက်အလက်များကို ပံ့ပိုးပေးရန် GenV မှ သင့်ကို ဖိတ်ခေါ်သွားပါမည်။ ဆက်သွယ်မှုများမှာ 3 မိနစ်မှ မိနစ် 20 ခန့်ကြား ကြာမြင့်နိုင်သည်။ သင့်အနေဖြင့် ၎င်းတို့ကို ဖြေဆိုမည် မဖြေဆိုမည်ကို အကြိမ်တိုင်း ဆုံးဖြတ်ပါ။ ဆက်သွယ်မှုများတွင် ပါဝင်နိုင်သည်မှာ -

- သင်ဖြည့်စွက်ရန် စစ်တမ်းတိုများနှင့် နောက်ဆုံးရအချက်အလက်များ။
- ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး တိုင်းတာမှုများ။ ၎င်းတို့တွင် မှတ်ဉာဏ်ဂိမ်းများ၊ အသက်ပိုကြီးသော ကလေးငယ်များ၏ စကားပြောဆိုမှုနှင့် နှလုံးခုန်နှုန်းများကဲ့သို့ အရာများ ပါဝင်သည်။ ဥပမာ - သင့်အနေနှင့် သင့်ကလေးကို ဗီဒီယိုအတိုတစ်ခု ရိုက်ယူနိုင်သည် သို့မဟုတ် သင် သို့မဟုတ် သင့်ကလေးသည် သင့်ဖုန်းကဲ့သို့ အီလက်ထရွန်းနစ် ကိရိယာပေါ်မှာ ဂိမ်းတစ်ခု ကစားနိုင်သည်။ ၎င်းတို့မှာ ဖြစ်နိုင်သမျှ တိုတိုတုတ်တုတ်နှင့် ပျော်ရွှင်စရာ ဖြစ်ရမည်။ GenV တိုင်းတာမှုများနှင့်ပတ်သက်၍ [ဤနေရာ](#) တွင် ပိုမိုဖတ်ရှုပါ။
- GenV မှ သတင်းနှင့် နောက်ဆုံးရအချက်အလက်များ။ ၎င်းတွင် GenV နှင့်အတူ လုပ်ကိုင်နေသော လေ့လာမှုများသို့ ဖိတ်ခေါ်မှုများ ပါဝင်နိုင်သည်။

*GenV နှင့်အတူ လုပ်ကိုင်နေသော လေ့လာမှုများအကြောင်း [ဤနေရာ](#) တွင် ပိုမိုဖတ်ရှုပါ။*

## *ကလေးငယ်များ ကြီးပြင်းလာသောအခါ GenV အကဲဖြတ်စစ်ဆေးမှုများမှာ အဘယ်နည်း။*

အချို့သောကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး တိုင်းတာမှုများကို လူချင်းတွေ့ဆုံ၍သာ လုပ်ဆောင်နိုင်ပါသည်။ ကလေးငယ်များ ကြီးပြင်းလာသောအခါ ဥပမာ ၎င်းတို့ကျောင်း စတက်ရောက်နေသည့်အခါ GenV ကလေးငယ်များအားလုံးသို့ ကျွန်ုပ်တို့ သွားရောက်ကြည့်ရှုရန် မျှော်လင့်ထားပါသည်။ ဤသွားရောက်ကြည့်ရှုမှုများကို ကျွန်ုပ်တို့ အစီအစဉ်မရေးဆွဲရသေးပါ။ သင့်အနေဖြင့် ပါဝင်မည် မပါဝင်မည်ကို မည်သည့်အချိန်တွင်မဆို ဆုံးဖြတ်နိုင်သည်။ ကျွန်ုပ်တို့သည် သင့်ကို ကျွန်ုပ်တို့

ဆက်သွယ်၍ ရနေသမျှ ကာလပတ်လုံး ကောင်းစွာအသိပေးအကြောင်းကြားမည်ဖြစ်သည်။ *GenV သွားရောက်ကြည့်ရှုမှုများအကြောင်းကို [ဤနေရာ] တွင် ပိုမိုဖတ်ရှုပါ။*

*ကျွန်ုပ်ကလေးနှင့် ကျွန်ုပ်မှာ GenV တွင် ပါဝင်ကြောင်း GenV မှ ဝန်ဆောင်မှုများကို အဘယ်ကြောင့် ပြောပြသနည်း။*

အခြားဝန်ဆောင်မှုများမှ GenV ကို ၎င်းတို့ဆီသို့ သင်ပုံမှန်သွားရောက်မှုများအတွင်း စစ်တမ်းတိုများ သို့မဟုတ် အကဲဖြတ်စစ်ဆေးမှုများဖြင့် ကူညီပေးနိုင်သည်။ ဥပမာ - သင့်ကလေးသူနာပြုမှ သင့်ကလေးအား ထပ်လောင်းအမြင်အာရုံစစ်ဆေးမှုတစ်ခု ကမ်းလှမ်းနိုင်ပါသည်၊ တုံ့ပြန်ချက် ပေးနိုင်ပြီး ရလဒ်များကို မှတ်တမ်းတင်နိုင်သည်။ တစ်ခါတစ်ရံတွင် သင်သည် ပြောင်းရွှေ့နိုင်သည် သို့မဟုတ် သင်၏ဆက်သွယ်ရေး အသေးစိတ်အချက်အလက်များ ပြောင်းလဲနိုင်သည်။ သင် နုတ်ထွက်လိုကြောင်း ကျွန်ုပ်တို့ မသိလျှင် ဝန်ဆောင်မှုများသည် သင်၏ ဆက်သွယ်ရေး အသေးစိတ်အချက်အလက်အသစ်များနှင့် GenV ကို မျှမ်းမံနိုင်ပါသည်။ ဝန်ဆောင်မှုများတွင် သင်၏မိခင်နှင့် ကလေးကျန်းမာရေး သူနာပြု၊ သင်၏ဆရာဝန်၊ ဆေးရုံများ၊ Medicare ၊ Centrelink ၊ သူငယ်တန်းကျောင်းများ သို့မဟုတ် ကျောင်းများကဲ့သို့ ကျန်းမာရေးနှင့် ပညာရေးထောက်ပံ့သူများ ပါဝင်နိုင်သည်။

ကျွန်ုပ်တို့သည် သင်၏ သုတေသနလေ့လာရေးဒေတာများကို ၎င်းတို့အား မျှဝေမပေးပါ။ *GenV နှင့်အတူ လုပ်ကိုင်နေသော ဝန်ဆောင်မှုများကို [ဤနေရာ] တွင် ပိုမိုဖတ်ရှုပါ။*

## 7. GenV တွင် ပါဝင်လျှင် မည်သည့်အကျိုးများ ရရှိစေသနည်း။

GenV မှ သင် သို့မဟုတ် သင့်ကလေးအပေါ် တိုက်ရိုက်အကျိုးဖြစ်စေနိုင်သည် သို့မဟုတ် အကျိုးမဖြစ်စေနိုင်ပါ။ သင် သို့မဟုတ် သင့်ကလေးမှ စစ်တမ်းများ သို့မဟုတ် အကဲဖြတ်စစ်ဆေးမှုများကို ဖြေဆိုသည့်အခါ တုံ့ပြန်ချက်များကို ကျွန်ုပ်တို့ ချက်ချင်းပေးနိုင်ပါသည်။ ယင်းတို့မှာ အထောက်အကူဖြစ်ကြောင်း သင်တွေ့ရနိုင်သည် (အပိုင်း 11 ကို ကြည့်ပါ)။ အချိန်နှင့်အမျှ GenV မှ ကလေးငယ်များနှင့် မိဘများနှင့် သက်ဆိုင်သော အကြောင်းအရာများကို ခြုံငုံ၍အကြောင်းကြားပေးပါမည်။ GenV မှ ကလေးငယ်နှင့် မိဘများစွာ၏ ဘဝများကို တိုးတက်အောင် ကူညီပေးမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ကျွန်ုပ်တို့သည် ဤအထွေထွေရလဒ်များကို သင့်အား မျှဝေပေးသွားမည်ဖြစ်ပြီး သင့်အတွက် အသုံးဝင်မည်ဟု မျှော်လင့်ပါသည်။

## 8. GenV ကို ကျွန်ုပ်တို့ မည်သို့ ပူးပေါင်းမည်နည်း။

သဘောတူညီချက်ပုံစံတွင် သင်လက်မှတ်ရေးထိုးပြီး ထိန်းသိမ်းထားရန်အတွက် သင့်အား မိတ္တူတစ်စောင် ကျွန်ုပ်တို့ ပေးပါသည်။ သင်သည် GenV အားလုံး သို့မဟုတ် အချို့တွင် ပါဝင်နိုင်သည်။ ဖြစ်နိုင်ပါက မိဘနှစ်ပါးလုံး ပါဝင်ရန် ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ သင်သည် သင်ကိုယ်တိုင်အတွက် သဘောတူညီချက် ပေးပါသည်။ မိဘ/အုပ်ထိန်းသူတစ်ဦးမှလည်း သင့်ကလေးငယ်အတွက် သဘောတူညီချက် ပေးပါသည်။

## 9. ကျွန်ုပ်တို့ မဖြစ်မနေပါဝင်ရန် လိုအပ်ပါသလား။

မလိုပါ၊ သင့်သဘောအတိုင်းသာ ဖြစ်သည်။ သင် မည်သို့ပင်ဆုံးဖြတ်သည်ဖြစ်စေ ၎င်းသည် သင် သို့မဟုတ် သင့်ကလေး ရရှိနေသည့် စောင့်ရှောက်မှုအပေါ် သက်ရောက်မှုမရှိပါ။ သို့သော် လူအများအပြား ပါဝင်လာသည်နှင့်အမျှ GenV ပို၍ အကျိုးရှိလာမည်ဖြစ်သည်။

## 10. နောက်မှ ကျွန်ုပ်၏သဘောထားကို ပြောင်း၍ရပါလား။

ရပါသည်၊ သင်၏သဘောထားကို မည်သည့်အချိန်တွင်မဆို ပြောင်းလဲနိုင်ပါသည်။ ကျွန်ုပ်တို့ကို ဖုန်းဆက်ပါ သို့မဟုတ် အီးမေးလ်ပို့ပါ သို့မဟုတ် GenV ဝက်ဘ်ဆိုက သို့ သွားပါ။ သင်သည် သင့်ဆုံးဖြတ်ချက်အတွက် အကြောင်းပြချက်ကို ကျွန်ုပ်တို့အား ပြောပြရန်မလိုအပ်ပါ။

- သင်ယခု သဘောတူထားသော်လည်း နောက်ပိုင်းမှာ နုတ်ထွက်နိုင်သည်။ *နုတ်ထွက်ခြင်းအကြောင်း ဤနေရာ တွင် ဖတ်ရှုပါ။*
- သင် ယခုသဘောမတူသော်လည်း နောက်ပိုင်းတွင် GenV မှာ ပါဝင်နိုင်သည်။ သို့သော် GenV အနေနှင့် သင်နှင့် သင့်ကလေးထံမှ ရှေ့ကအချက်အလက်များ ရရှိမည်မဟုတ်ပါ။ *နောက်ပိုင်းတွင် GenV မှာ ပါဝင်ခြင်းနှင့်ပတ်သက်၍ ဤနေရာ တွင် ပိုမိုဖတ်ရှုပါ။*
- သင့်ကလေးကြီးပြင်းလာသောအခါ (အသက် 14 နှစ်မှ 18 နှစ်ခန့်တွင်) ၎င်းတို့တွင် လူကြီးများအဖြစ် ဆက်လက်ပါဝင်ရန် အခွင့်အလမ်းတစ်ခု ရရှိပါမည်။ *GenV တွင် ဆက်လက်ပါဝင်ခြင်းနှင့်ပတ်သက်၍ ဤနေရာ တွင် ပိုမိုဖတ်ရှုပါ။*

## 11. GenV မှ ကျွန်ုပ်တို့၏ကျန်းမာရေးနှင့်ပတ်သက်၍ တုံ့ပြန်ချက် ပေးမည်လား။

သင် သို့မဟုတ် သင့်ကလေးမှ အကဲဖြတ်စစ်ဆေးမှုများကို ဖြေဆိုသည့်အခါ GenV မှ သင့်အတွက် အထောက်အကူပြုနိုင်သည့် ရလဒ်များ တုံ့ပြန်ချက်ကို ချက်ချင်းပေးနိုင်ပါသည်။ ဤမှတ်တမ်းတိုများမှ အရာအားလုံး လမ်းကြောင်းမှန်တွင် ရှိနေကြောင်း သို့မဟုတ် စိုးရိမ်စရာများရှိပါက အကြံဉာဏ်ရယူရန် မည်သူ့ဆီသို့ ချဉ်းကပ်နိုင်သည်ကို အကြံပေးနိုင်သည်။ သင့်အနေဖြင့် ဤမှတ်တမ်းများကို သင့်ဆရာဝန်ကဲ့သို့ အခြားသူများနှင့် မျှဝေနိုင်ပါသည်။
ချက်ချင်းတုံ့ပြန်ချက်ပေးခြင်းမှတစ်ပါး ကျွန်ုပ်တို့သည် သင် သို့မဟုတ် သင့်ကလေး၏ သိမ်းဆည်းထားသော ဒေတာ သို့မဟုတ် နမူနာများမှ နောက်ပိုင်းမှာ ထုတ်ယူထားသော ဒေတာအသစ်ကို သီးခြားမစစ်ဆေးပါ။ ဆိုလိုသည်မှာ GenV မှ နောက်ပိုင်းရလဒ်များကို သင့်ကို ပေးမည်မဟုတ်ပါ။

ယင်းမှာ -

- သုတေသနလေ့လာရေး စစ်ဆေးမှုများကို ပုံမှန်အားဖြင့် ကုသမှုအတွက် စီစဉ်ထားခြင်း မဟုတ်သောကြောင့် - ဆရာဝန်များသည် လူနာများကို ကုသရန် စစ်ဆေးမှုအမျိုးမျိုးကို အသုံးပြုမည်ဖြစ်သည်
- သုတေသနလေ့လာရေးသည် တစ်ဦးချင်းစီအတွက် ရလဒ်များကို မကြည့်ဘဲ - အုပ်စုများအတွက်သာ ကြည့်သောကြောင့်ဖြစ်သည်။
- ယခင်နှစ်များက ပြုလုပ်ထားသော စစ်ဆေးမှုများသည် အရေးမကြီးတော့သည့်အတွက် သို့မဟုတ် မမှန်ကန်တော့သည့်အတွက် ဖြစ်သည်။

GenV သည် သင့်အား ကျွန်ုပ်တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျှက်ကျင့်ဝတ်နှင့် ကိုက်ညီသော လေ့လာမှုများတွင် ပါဝင်ရန် အနာဂတ်တွင် အခွင့်အလမ်းတစ်ခု ပေးသွားနိုင်သည်။ ၎င်းတို့မှ အပိုဆောင်းတုံ့ပြန်ချက် ပေးရန် ဖြစ်နိုင်ပါသည်။ သင့်အနေဖြင့် ပါဝင်မည် မပါဝင်မည်ကို အမြဲတမ်း ရွေးချယ်နိုင်သည်။
GenV သုတေသီများအား တွေ့ရှိချက်များကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ကြေညာရန် ကျွန်ုပ်တို့ တိုက်တွန်းထားပါသည် - ဤနည်းဖြင့် ဗဟုသုတအသစ်များကို လက်တွေ့ကျင့်သုံးစေနိုင်မည်ဖြစ်သည်။ GenV မှ ၎င်း၏ဝက်ဘ်ဆိုဒ်တွင် အကျဉ်းချုပ်များကို တင်ပေးသွားမည်။ ယင်းမှာ မိဘများအတွက် အထောက်အကူဖြစ်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ အုပ်စုရလဒ်များကိုသာ ထုတ်ဝေသည် - တစ်ဦးချင်းရလဒ်များကို မည်သည့်အခါမျှ မထုတ်ဝေပါ။

## 12. GenV တွင် ပါဝင်လျှင် မည်သည့်အန္တရာယ်များ ရှိလာနိုင်သနည်း။

GenV တွင် ပါဝင်ခြင်းသည် သင့်အား အန္တရာယ်တစ်စုံတစ်ရာ မဖြစ်စေပါ သို့မဟုတ် သင် သို့မဟုတ် သင့်ကလေး ရရှိနေသည့် စောင့်ရှောက်မှုကို မထိခိုက်စေပါ။ သင်၏ကိုယ်ရေးလုံခြုံမှုကိုကာကွယ်ပေးရန်အတွက် GenV မှာ တင်းကြပ်ပြီး လုံခြုံသော စနစ်များရှိပါသည်။ ယင်းမှာ ဒေတာ ကိုယ်ရေးလုံခြုံမှု ကျိုးပေါက်နိုင်မည့် အန္တရာယ် အလွန်နည်းပါးသည်ဟူသည့် အဓိပ္ပါယ်ဖြစ်သည်။

GenV တွင် ပါဝင်ရန်အတွက် ယုံကြည်ချက်လိုကြောင်း ကျွန်ုပ်တို့ နားလည်ထားပါသည်။ သင့်ကဲ့သို့ မိဘများမှ ယုံကြည်ခြင်းသည် ယနေ့ ကူးစက်ရောဂါနှင့် ကင်ဆာရောဂါကဲ့သို့ နယ်ပယ်များတွင် ကလေးငယ်များနှင့် လူကြီးများကို ကူညီပေးနိုင်သည့် ရှာဖွေတွေ့ရှိမှုများကို ဖြစ်စေပါသည်။ သင့်၏ယုံကြည်ချက်ကို ပြန်လည်ပေးဆပ်ရန်အတွက် ကျွန်ုပ်တို့ ကြိုးစားလုပ်ဆောင်ပါမည်။

## 13. GenV မှ ကျွန်ုပ်တို့၏အချက်အလက်များကို မည်သို့ကြည့်ရှုစောင့်ရှောက်မည်နည်း။

ကျွန်ုပ်တို့၏ ဒေတာစနစ်များကို GenV အတွက် ရည်ရွယ်၍ ဆောက်ထားပါသည်။ အခွင့်မရှိသူများမှ GenV ၏ စနစ်များကို ဝင်ရောက်ကြည့်ရှုရန် အလွန်ခက်ခဲသည်။ ၎င်းသည် ဥပဒေနှင့်လည်း ဆန့်ကျင်ပါသည်။ ကျွန်ုပ်တို့သည် အချက်အလက်များအားလုံးကို လုံခြုံသော ပတ်ဝန်းကျင်များတွင် သိမ်းဆည်းပြီး ပုံမှန်လုံခြုံရေးစစ်ဆေးမှုများ ပြုလုပ်ပါသည်။ ကျွန်ုပ်တို့သည် မည်သူမည်ဝါခွဲခြားဖော်ပြနိုင်သော အသေးစိတ် အချက်အလက်များ ( ဥပမာ အမည်များ) ကို သုတေသီများအသုံးပြုသည့် ဒေတာများမှ ဖယ်ရှားခြင်းဖြင့် ကိုယ်ရေးလုံခြုံမှုကိုလည်း ကာကွယ်ပေးပါသည်။

ကျွန်ုပ်တို့သည်  GenV ကို လည်ပတ်ဆောင်ရွက်ရန် သင်၏ ကိုယ်ရေးအချက်အလက်များ ( ဥပမာ သင့်အမည်နှင့် ဆက်သွယ်နိုင်မည့် အသေးစိတ်အချက်အလက်) ကို အသုံးပြုပါမည်။ ယင်းမှာ ကျွန်ုပ်တို့ သင်နှင့်ဆက်သွယ်သွားမည့်ပုံစံဖြစ်သည်။ ကျွန်ုပ်တို့သည် အခြားဒေတာအစုများ (အပိုဒ် 6 ) ကို ကြည့်ရှုသည့်အခါ ကျွန်ုပ်တို့သည် မှန်ကန်သော လူနှင့် ယှဉ်တွဲမိကြောင်း သေချာစေရန် ဤအချက်အလက်ကို အသုံးပြုပါသည်။ ကျွန်ုပ်တို့၏ ကိုယ်ရေးလုံခြုံမှုဆိုင်ရာ ကောက်ယူမှု အသိပေးစာနှင့် MCRI ၏ ကိုယ်ရေးလုံခြုံမှု မူဝါဒအကြောင်း ကြည့်ရှုလိုပါက [www.genv.org.au/privacy](www.genv.org.au/privacy) တွင် ဝင်ရောက်ကြည့်ရှုပါ။ သင်သည် ကိုယ်ရေးလုံခြုံမှု ဥပဒေများအရ သင်နှင့် သင့်ကလေးအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့ သိမ်းဆည်းထားသည့် ကိုယ်ရေးအချက်အလက်များကို ကြည့်ရှုခွင့်နှင့် အမှန်ပြင်ဆင်ခွင့်ရှိပါသည်။ သင်သည် ယင်းကို  GenV ကို ဆက်သွယ်ခြင်းဖြင့် ပြုလုပ်နိုင်ပါသည်။

၎င်းကို ဖယ်ရှားရန် သင်မှ ကျွန်ုပ်တို့အား မပြောပါက ကျွန်ုပ်တို့သည် သင်နှင့် သင့်ကလေးဒေတာကို အကန့်အသတ်မရှိ သိမ်းဆည်းသွားပါမည်။ ဆိုလိုသည်မှာ GenV သည် နှစ်ပေါင်းများစွာအတွက် အသစ်ရှာဖွေတွေ့ရှိမှုများကို ထောက်ပံ့ပေးနိုင်သည်။

Murdoch ကလေးသုတေသနလေ့လာရေး အဖွဲ့အစည်း (MCRI) ကို ဩစတြေးလျနှင့် ဗစ်တိုးရီးယား ကိုယ်ရေးလုံခြုံမှုဥပဒေများက စည်းနှောင်ထားပါသည်။ ၎င်းသည် ၎င်း၏ဒေတာ လုံခြုံရေး၊ IT စနစ်များ၊ လုပ်ငန်းစဉ်များနှင့် မူဝါဒများကို ပုံမှန် မွမ်းမံပြင်ဆင်ပါသည်။ သုတေသနရည်ရွယ်ချက်များအတွက် GenV သုတေသန ဒေတာများကို အခြားလုပ်ပိုင်ခွင့်ရ အေဂျင်စီများမှ ထိန်းသိမ်းသည့် စနစ်များတွင်လည်း ထားရှိနိုင်များသည်။ ယင်းတို့တွင် တူညီသောလုံခြုံရေးနှင့် ကိုယ်ရေးလုံခြုံမှု အဆင့် ရှိကြပါသည်။

*GenV ၏ ဒေတာလုံခြုံရေးနှင့်ပတ်သက်၍ [ဤနေရာ]() တွင်နှင့် သင်၏ကိုယ်ရေးအချက်အလက်များအား ကိုင်တွယ်ပုံနှင့်ပတ်သက်၍ [ဤနေရာ]() တွင် ပိုမိုဖတ်ရှုပါ။*

GenV အနေနှင့် တည်နေရာများ၊ ဓာတ်ပုံများ သို့မဟုတ် GenV တွင် တစ်စိတ်တစ်ပိုင်း ပါဝင်ဆောင်ရွက်သူမှာ မည်သူဖြစ်ကြောင်းကို အရိပ်အမြွက်ပေးနိုင်သည့် မျိုးရိုးဗီဇဆိုင်ရာ ဒေတာများကဲ့သို့ အချက်အလက်အချို့အတွက် အထူးကြိုတင်ကာကွယ်ထားပါသည်။ GenV ၏ ကြိုတင်ကာကွယ်မှုများနှင့်ပတ်သက်၍ [ဤနေရာ]() တွင် ပိုမိုဖတ်ရှုပါ။

## 14. သုတေသီများသည် ကျွန်ုပ်တို့၏ ဒေတာများကို မည်သို့ အသုံးပြုသနည်း။

GenV ၏ဒေတာများကို ကလေးငယ်များနှင့် လူကြီးများ ကျန်းမာရေး၊ ဖွံ့ဖြိုးရေး သို့မဟုတ် ချမ်းသာသုခ တိုးတက်လာစေမည့် သုတေသနလေ့လာရေးအတွက် အသုံးပြုနိုင်ပါသည်။ ၎င်းကို ကျင့်ဝတ်နှင့်ကိုက်ညီသောအတည်ပြုချက်ဖြင့် လွှမ်းခြုံထားရမည်။ အချိန်နှင့်အမျှ သုတေသီများသည် မေးခွန်းသစ်များနှင့် အရေးကြီးသော မေးခွန်းများကို ဖြေဆိုရန် နည်းလမ်းပေါင်းစုံနှင့် အသုံးပြုသွားပါမည်။ ထို့ကြောင့် သင့်အချက်အလက်များ၏ တန်ဖိုးသည် နှစ်ပေါင်းများစွာ ဆက်လက်တိုးတက်လာမည်ဖြစ်သည်။ GenV ဒေတာအားလုံးကို လျှို့ဝှက်စွာ အသုံးပြုထားပါသည်။ GenV တွင် လုံခြုံရေးနှင့် ၎င်း၏ဒေတာများကို အသုံးပြုနိုင်သူများနှင့်ပတ်သက်၍ တင်းကျပ်သည့် ဥပဒေများ ရှိပါသည်။

အသုံးပြုမှုအတွက် အတည်ပြုခြင်းကို အောက်ပါတို့တွင် အခြေခံထားပါသည် -

- သုတေသနလေ့လာရေးမှ ကျန်းမာရေး၊ ဖွံ့ဖြိုးရေး သို့မဟုတ် ချမ်းသာသုခ တိုးတက်လာအောင် ရည်ရွယ်ထားသည်
- အဆိုပြုထားသော ဒေတာအသုံးပြုမှုတွင် ကျင့်ဝတ်ဆိုင်ရာ အတည်ပြုချက် ရှိသည်
- GenV မှ လျှောက်ထားသူနှင့် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်း၏ ဘေးကင်းလုံခြုံမှုနှင့် ကျွမ်းကျင်မှုကို အကဲဖြတ်ပါသည်။
- နမူနာများ သို့မဟုတ် ဒေတာများကို မည်သူမည်ဝါခွဲခြားနိုင်မည့် အသေးစိတ်အချက်အလက်များ မဖော်ပြဘဲ အသုံးပြုထားပါသည် - ထို့ကြောင့် ဒေတာအသုံးပြုသူများမှ ထိုအချက်များမှာ သင်နှင့်သက်ဆိုင်သည်ကို မသိရှိကြပါ။
- အသုံးပြုသူများသည် GenV ၏ သုံးစွဲမှုဆိုင်ရာ သတ်မှတ်ချက်များကို သဘောတူပါသည်။
  *အတည်ပြုမှုနှင့်ပတ်သက်၍ ကျနေရာတွင် ပိုမိုဖတ်ရှုပါ။*

GenV အဖွဲ့သည် GenV ၏ တိုးတက်မှု၊ အရည်အသွေးကို စစ်ဆေးရန်နှင့် ဒေတာအစုများကို စမ်းသပ်ရန် သင့်ဒေတာများကိုလည်း အသုံးပြုပါသည်။ အချို့သောဒေတာများနှင့် နမူနာများကို ဩစတြေးလျနှင့် ကမ္ဘာတစ်ဝန်းရှိ အထူးဓာတ်ခွဲခန်းများတွင်သာ ခွဲခြမ်းစိတ်ဖြာနိုင်သည်။ ၎င်းမှာ သုတေသနလေ့လာရေးတွင် ဖြစ်နေကျဖြစ်ပြီး အရေးကြီးသော ရှာဖွေတွေ့ရှိမှုများကို ဦးတည်လာစေပါသည်။ တစ်ခါတစ်ရံတွင် ၎င်းတို့၏ အသုံးပြုမှုကို ဩစတြေးလျနိုင်ငံ ပြင်ပနိုင်ငံများတွင် ဥပဒေအရ ကာကွယ်ပေးထားသည်။ ၎င်းတို့မှာ တင်းကျပ်သော လမ်းညွှန်ချက်များအရ ဖြစ်ပြီး အတည်ပြုခြင်းအတွက် အထက်ပါအတိုင်း တူညီသောဥပဒေများ ဖြစ်သည်။

သုတေသီများမှာ ဒေတာများနှင့် လုပ်ကိုင်နေချိန်တွင် ၎င်းတို့သည် ဓါတ်ခွဲခန်းစစ်ဆေးမှုများမှ သို့မဟုတ် ဒေတာများကို နည်းလမ်းသစ်များဖြင့် ပေါင်းစပ်ခြင်းဖြင့် ဒေတာသစ်များ မကြာခဏ ဖန်တီးကြသည်။ ယင်းတို့ကို GenV ထဲတွင် ပြန်ထပ်ထည့်ပေးပါသည်။ ၎င်းမှ ကျန်းမာရေး တိုးတက်လာစေရန် အခွင့်အလမ်းများ ပို၍ဖန်တီးပေးပါသည်။

စီးပွားဖြစ် ကုမ္ပဏီများသည် ကျန်းမာရေး၊ ဖွံ့ဖြိုးရေး သို့မဟုတ် ချမ်းသာသုခကို မြှင့်တင်ပေးရန် သုတေသနများအတွက် GenV ဒေတာကို အသုံးပြုရန် လျှောက်ထားနိုင်ပါသည်။ ၎င်းတို့သည် အလားတူ အတည်ပြုစည်းမျဉ်းများနှင့် ကိုက်ညီရမည်။

အချို့သော GenV ပါဝင်သူများအနေဖြင့် နည်းလမ်းသစ်များကို စစ်ဆေးသည့် သုတေသနလေ့လာရေး စမ်းသပ်စစ်ဆေးမှုများတွင် ပါဝင်နိုင်သည်။ စမ်းသပ်စစ်ဆေးမှုများအားလုံးသည် ကျင့်ဝတ်ဆိုင်ရာ အတည်ပြုချက် လိုအပ်သည်။ နည်းလမ်းသစ်ကို ပေးမည့်သူအား အများအားဖြင့် အကြွေစေ့ကို ခေါင်းပန်းလှန်သကဲ့သို့ ကျပန်းရွေးချယ်သည်။

အချို့သောစမ်းသပ်စစ်ဆေးမှုများတွင် နည်းလမ်းသစ်ကို ပေးသည့် လူများကိုသာ ပါဝင်ရန်အတွက် ဆက်သွယ်ထားသည်။ GenV ဒေတာများကို နည်းလမ်းသစ်ရရှိသောသူများနှင့် နည်းလမ်းသစ်မရရှိသောသူများ၏ ရလဒ်များကို နှိုင်းယှဉ်ရန် အသုံးပြုနိုင်သည်။

GenV ပါဝင်သူများအနေဖြင့် ဦးခေါင်းဒဏ်ရာများ သို့မဟုတ် အကြားအာရုံ ဆုံးရှုံးမှုကဲ့သို့ သီးသန့်အကြောင်းအရာများနှင့်ပတ်သက်သည့် လေ့လာမှုများတွင် သို့မဟုတ် စာရင်းသွင်းမှုများတွင် ပါဝင်နိုင်သည်။ စမ်းသပ်စစ်ဆေးမှုများ သို့မဟုတ် လေ့လာမှုများသည် ကျင့်ဝတ်ဆိုင်ရာ အတည်ပြုမှုနှင့်အညီ GenV နှင့် ဒေတာများမျှဝေရန် သင်၏သဘောတူချက်ကို တောင်းခံနိုင်သည်။ ယင်းကို ကျွန်ုပ်တို့ ထောက်ခံပါသည်။

## 15. နောက်ထပ်မေးမြန်းစရာ ရှိပါသလား။ စိုးရိမ်စရာတစ်ခုခု ရှိပါသလား။

GenV ဝက်ဘ်ဆိုဒ် တွင် မေးခွန်းအများအပြားအတွက် အဖြေများရှိပါသည်။ ၎င်းတွင် ဤအချက်အလက် ထုတ်ပြန်ချက်လည်း ရှိပါသည်။

GenV အဖွဲ့ဝင်တစ်ဦးထံ ဆက်သွယ်ရန်အတွက် ကျေးဇူးပြု၍ ဖုန်း 1800 436 888 သို့ ခေါ်ဆိုပါ၊ genv@mcri.edu.au သို့ အီးမေးလ်ပို့ပါ သို့မဟုတ် ကျွန်ုပ်တို့ကို ဝက်ဘ်ဆိုက် မှတစ်ဆင့် ဆက်သွယ်ပါ။

သင့်အနေဖြင့် စိုးရိမ်စရာများ သို့မဟုတ် တိုင်ကြားမှုများ၊ မည်သို့ဆောင်ရွက်မည် သို့မဟုတ် ပါဝင်သူတစ်ဦးအနေဖြင့် သင်နှင့် သင့်ကလေး၏ အခွင့်အရေးများအကြောင်းကို စီမံကိန်းဆိုင်ရာ သီးခြားပုဂ္ဂိုလ်တစ်ဦးနှင့် ဆွေးနွေးနိုင်သည်။ ကျေးဇူးပြု၍ မယ်လ်ဘုန်း တော်ဝင်ကလေးဆေးရုံ (Melbourne's Royal Children's Hospital ) ရှိ သုတေသနလေ့လာရေး ဖွံ့ဖြိုးရေးနှင့် ကျင့်ဝတ် ညွှန်ကြားရေးမှူး ဖုန်း (03) 9345 5044 သို့မဟုတ် rch.ethics@rch.org.au သို့ ဆက်သွယ်ပါ။

**GenV မှာ ပါဝင်ရန် စဉ်းစားပေးသည့်အတွက် ကျေးဇူးတင်ပါသည်။**
**သင့်အနေဖြင့် GenV မှာ ဤလုပ်ငန်းစဉ်တွင် ပါဝင်မည်ဟု မျှော်လင့်ပါသည်။**